ရေဝအုပ်စု၊သောင်ကြီးကျေးရွာ

ထီးချိုင့်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၀)





ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေဝအုပ်စု၊သောင်ကြီးကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

မာတိကာ

စကားချီး ၆

ရတနာအောင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ထီးချိုင့်မြို့နယ် ၇

ရတနာအောင်ကျေးရွာရာသီခွင်ပြမြေပုံ၊ထီးချိုင့်မြို့နယ် ၈

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ သတ်မှတ်ချက်ဇယား ၉

ရတနာအောင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအမည်စာရင်း ၁၀

၁။နိဒါန်း ၁၁
(က) ရည်ရွယ်ချက်

(ခ)နိုင်ငံ

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ ၁၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၃

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုအခြေအနေ

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၇

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ ၁၈

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်မည့်နည်းဗျူဟာ

နောက်ဆက်တွဲ ၂၀

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၂၄

ဇယား(၁) ရတနာအောင်ကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲ
အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇) ဘေးလင်းလုံခြုံရေး၊ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၆၇

ဦးစားပေးစီမံချက်လုပ်ငန်းများ ၆၈

နှစ်အလိုက်စီမံချက်လုပ်ငန်းများ ၆၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ် အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို ကူညီပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပေ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းဆွေးနွေးငြင်းခုံရင်း အဖြေရှာကြရာ၌ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထပ်မံလိုအပ်သော ကိန်းဂဏာန်းအချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ကြပါသည်။ ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံ ရရှိသည့်ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာနိုင်မည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်သင့်သည်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်၌ပင် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲမှုမှာ လုပ်ဆောင် သွားပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများ ဆက်လက်ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျော်လင့်ပါသည်။ နောင်တွင်လည်း ကျွန်ုပ်တို့ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဟု ယုံကြည်ပါသည်။


ဇူလိုင်လ၊ ၂၀၂၀ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သောင်ကြီးကျေးရွာ၊ ထီးချိုင့်မြို့နယ်

ထီးချိုင့်မြို့နယ်၊ရေဝအုပ်စု၊သောင်ကြီးကျေးရွာ၏ သယံဇာတပြ အခြေပြမြေပုံ



ထီးချိုင့်မြို့နယ်၊ရေဝအုပ်စု၊သောင်ကြီးကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



ထီးချိုင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ရေဝကျေးရွာအုပ်စု၊ သောင်ကြီးကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၁၉-၂၀	၂၀-၂၁	၂၁-၂၂	၂၂-၂၄	၂၄-၂၅
၁	ကျေးရွာတွင်းဘီးနင်းကွန်ကရစ်လမ်းခင်းခြင်း ၂(၁၀၀၀'×၃'×၇')	၁					
	ကျေးရွာတွင်းသစ်သားတံတားပြင်ဆင်ခြင်း ၇၅'×၁၂'×၈'						
၂	ကျေးရွာအတွင်း ကျန်ရှိသော လမ်းများအားကွန်ကရစ်လမ်းခြင်ခြင်း	၂					
၃	မူလွန်ကျောင်းအတွင်းအခန်းကန့်ခြင်း	၃					
၄	KG ကျောင်းဆောင်ဆောက် လုပ်ခြင်း	၄					
၅	မီးသတ်ရေကန်တည်ဆောက်ခြင်း	၅					

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)လုပ်ငန်းဆောင်ရွက်မည့် သောင်ကြီးကျေးရွာ၏ ကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင် အမှတ်	အ သက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြင့်ရွှေ	ဦးကျော်သောင်း	၅/ထခန(နိုင်)၁၀၀၇၀၀	၅၈	ဥက္ကဋ္ဌ	၀၉-၂၆၁၀၃၂၉၄၈
၂	ဦးသိန်းနိုင်ဦး	ဦးသန်းဆွေ	၅/ထခန(နိုင်)၀၅၂၄၄၄	၃၇	တွင်း/မှူး	၀၉-၂၅၆၁၉၃၂၇၅
၃	ဦးတင့်နိုင်ဝင်း	ဦးအောင်ငြိမ်း	၅/ထခန(နိုင်)၀၄၆၆၀၂	၄၁	ဘဏ္ဍာရေးမှူး	၀၉-၂၆၀၃၃၅၈၅၉
၄	ဦးမျိုးနိုင်	ဦးမောင်သွယ်	၅/ထခန(နိုင်)၀၄၃၉၄၃	၅၁	စာရင်းကိုင်	၀၉-၄၀၈၃၅၃၀၂၂
၅	ဒေါ်ခင်ဆွေ	ဦးဌေးလွင်	၅/ထခန(နိုင်)၀၆၄၅၁၉	၄၈	အဖွဲ့ဝင်	၀၉-၂၆၅၅၉၁၁၅၅
၆	ဒေါ်မာမာအေး	ဦးထွန်းမင်း	၅/ထခန(နိုင်)၀၅၃၆၉၄	၄၄	အဖွဲ့ဝင်	၀၉-၂၆၉၉၆၇၉၁၃
၇	ဒေါ်ဇင်မာဦး	ဦးကျော်ဆွေ	၅/ထခန(နိုင်)၀၆၇၀၉၉	၂၉	အဖွဲ့ဝင်	၀၉-၄၂၉၆၄၈၈၇၈

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထု ကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။

ဤကဲ့သို့ အစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းသတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို သိလာကြပါသည်။

၎င်းအချက်အလက်များကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည့်တို့ထံမှ လိုအပ်သော ကိန်းဂဏန်းများ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း သိရှိမိလာပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၌ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရ သော ပြဿနာများ ထိုပြဿနာများ ဖြစ်ရသည် အရင်းခံအချက်များဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ စိန်ခေါ်မှုများကို အောင်မြင်မှုရရှိရန်အတွက် ရည်မှန်းချက်များ ရည်ရွယ်ချက်များရရှိရန် ရှင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်း များ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် နည်းလမ်းကောင်းများကိုလည်း ဖော်ပြထားပါသည်။

ဤကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်ရေးဆွဲခြင်းဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ် ဖက်များဖြစ်သော အစိုးရဌာနများ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ သတင်းနှင့်ပြည်သူဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုရစေပြီး ကျေးရွာဖွံ့ဖြိုး ရေးနှင့်ပတ်သက်မှုမှန်သမျှတို့သည် ဤအစီစဉ်မှတ်တမ်း၏ အသုံးဝင်မှုကိုသိရှိစေရန် ရည်ရွယ်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်များရေးဆွဲပြီး မြို့နယ် အဆင့်ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အတန်းရ၊ အဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။သို့မှသာ ပုဂ္ဂလိကကဏ္ဍအဖွဲ့အများ၊ အစိုးရမဟုတ်သော(NGO)အဖွဲ့များ အလှူရှင်အဖွဲ့ အစည်းများ ဘဏ်လုပ်ငန်းရှင်နှင့် အသေးစားချေးငွေလုပ်ငန်းရှင်များတို့မှ ကျေးရွာလူထု၏အမှန် တကယ်လိုအပ်ချက်များ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ကျေးလက်ဒေသရှိ ငွေကြေးလိုအပ်ချက် နည်းပညာလိုအပ်ချက်များကို ချိတ်ဆက်၍ ရရှိလာနိုင်မည်ဖြစ်ပြီး ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစည်း ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်ပါသည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တက်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုကို လူထုပါဝင်၍ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်အားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးရေးကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများ ကြုံတွေ့နိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်လည်း တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်များ ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ထီးချိုင့်မြို့နှင့်(၂)မိုင်ခန့်ကွာဝေးပြီး ဧရာဝတီမြစ်ကူးတံတား၏အနောက်ဘက်တွင် တည်ရှိနေပါသည်။ အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ ထီးချိုင့်မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဤဒေသ၏ တစ်နှစ်တာမိုးရေချိန်လက်မ(၆၀)မှ(၈၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့်အထောက်အကူဖြစ်စေပါသည်။ ကျေးရွာ၏လယ်ယာမြေများသည် ဧရာဝတီမြစ်ရေကြီးချိန်၌ ရေဝင်ရောက်မှုများရှိပါသည်။ လယ်ယာမြေများသည် စပါး၊ ပဲစိုက်ပျိုးရန်နှင့် တပိုင်တနိုင်အပင်များ စိုက်ပျိုးရန်အတွက် အဓိကအားထားရာဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျွန်ုပ်တို့ကျေးရွာသည် ကိုင်းကျွန်းမြေများရှိပြီး မြေပြန့်ဒေသများဖြစ်နေပါသည်။ ကိုင်းကျွန်းမြေသည်(၃၆၆.၅၇)ဧက ရှိပါသည်။ ကျွန်တော်တို့ဒေသသည် မြေနုကျွန်းဒေသဖြစ်သည့်အတွက် မြေအောက်ရေကို လုံလောက်စွာရရှိသော်လည်း တပိုင်တနိုင် စိုက်ပျိုးရေးသမားများသာ မြေအောက်ရေကို ထုတ်ယူသုံးစွဲကြပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် မြေထောက်၊ နေကြာ၊ ပဲရင်း၊ မြေပဲစသည်သီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာသည် အိမ်ထောင်စု(၁၀၀)စုမှာ ကျား(၂၁၇)၊ မ(၂၃၉)ဦး စုစုပေါင်း(၄၅၆)ဦး ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ အကောင်းဆုံး မဟုတ်သော်လည်း အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏( )သည် ဆင်းရဲသားအဖြစ် သတ်မှတ်ပြီး ကျေးရွာ၏စီးပွားရေးသည် အလယ်အလတ်ရှိသည်ဟု သတ်မှတ်ရပါမည်။ ကျေးရွာတွင် လယ်ယာကိုင်းကျွန်းမြေပိုင်ဆိုင်မှု၊ လယ်ယာကိုင်းကျွန်းသုံးစက်ကိရိယာ၊ နွားပိုင်ဆိုင်မှုနှင့် စက်မှုလက်မှုများလည်း ကောင်းမွန်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာလည်း လယ်ယာလုပ်ငန်း၊ ကိုင်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ကြ၍ အသင့်အတင့်ပြေလည်ကြသော်လည်း အချို့မှာ မိမိကျေးရွာမှ ထွက်ပြီး အခြားရပ်နီးရပ်ဝေးများတွင် သွားရောက်လုပ်ကိုင်သူများလည်း ရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၁၀%)ခန့်ရှိသည် ၎င်းအိမ်ထောင်စုများသည် မိမိအိမ်ထောင်စုလုပ်အားခနှင့် နပ်မှန်အောင်စားနိုင်သော်လည်း ကျန်းမာရေးမကောင်းသောအချိန်မှာတွင် အခက်အခဲများဖြစ်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျွန်ုပ်တို့ကျေးရွာသူ/သားများသည် (၉၀%)ခန့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ အာဟာရအနေဖြင့်လည်း ဧရာဝတီမြစ်ရေများစွာတက်လာသည်အချိန်များမှအပ ကျန်အချိန်များတွင် အမြဲစိုက်ပျိုးကြသောကြောင့် ထီးချိုင့်ဈေးနှုန်းမှာ မိမိ၏ခြံထွက်အသီးအရွက်များ ရောင်းရင်းအသားငါးများကို အလွယ်တကူဝယ်ယူရတာကြောင့် အာဟာရအတွက် မပူပင်ရပါ။ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များလည်း ကျန်းမာကြပါသည်။ ကျန်းမာရေး မကောင်းလျှင်လည်း ထီးချိုင့်မြို့နယ်ဆေးရုံကြီးကို အချိန်မီသွားရောက်ကုသနိုင်ပါသည်။ အုပ်စုကျန်းမာရေးဌာနကလည်း လစဉ်ရောက်ပြီး ကျန်းမာရေးအသိပညာပေးမှု စောင့်ရှောက်မှုများရရှိ၍ ကျန်းမာရေးအသိအမြင်များ ရရှိကြပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။ အခြေခံမူလတန်းအဆင့်အောင်မြင်သူများပြီး စာမတက်သူ မရှိသလောက် နည်းပါးပါသည်။ ဘွဲ့ရအရေအတွက်မှာ နည်းပါးမှုရှိပါသေးသည်။ ကျေးရွာတွင် မူလတန်းသာရှိပြီး ၂၀၁၃ ၂၀၁၄ ပညာသင်နှစ်မှာ မူလွန်အဆင့်

ရရှိ၍ အလယ်တန်းနှင့် အထက်တန်းပညာများကို မြို့ကျောင်းတွင် သင်ကြားနေကြရပါသည်။ စီးပွားရေးအခြေခံအားနည်းသူများမှာ သင်ကြားနိုင်ခြင်းမရှိပါ။ အသက်မွေးဝမ်းကျောင်းမှု လက်မှုပညာများ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပါသည်။ လယ်ယာလုပ်ငန်း၊ ကိုင်းကျွန်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းခွင် ရှိနေ၍ အလုပ်အကိုင်အသင့်အတင့်ရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှု အနေအထားမှာ လွတ်လပ်မှုရှိသည် ကျားမဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘူယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းမအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်းတွင် ယောကျ်ားလေးဦးရေထက် မိန်းခလေးဦးရေက ပိုများနေပါသည်။ အထက်တန်းနှင့် တက္ကသိုလ်များတွင် အရေအတွက်မှာ မိန်းခလေးအရေအတွက် ယောကျ်ားလေးအရေအတွက် အနည်းငယ်ပိုများသော်လည်း မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အားလုံးပေါင်း၏လူဦးရေမှာ အမျိုးသားထက် အမျိုးသမီးဦးရေများက များနေသည်ကို တွေ့ရသော်လည်း အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင် ဖြစ်ပါသည်။

သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိကြပါသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှုတို့မှာ မရှိသလောက်ပင်ဖြစ်ပါသည်။ ကျား/မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အမျိုးသမီးများဦးဆောင်ရေ့ထွက်တက်စေရန် အလေ့အကျင့်များ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့ဖြစ်သော လူလတ်၊ လူပျို၊ အပျို ၊ မိန်းမလတ် ဂေါပက အဖွဲ့များ ဖွဲ့စည်းထားမှု ရှိပါသည်။ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့များ မရှိပါ။ ထို့ကြောင့် ထိုအဖွဲ့အစည်းပြီး သင်တန်းများပို့ချပေးစေခြင်းဖြင့် စွမ်းဆောင်ရည်မြင့်တင်စေချင်ပါသည်။

လူမှုရေးအဖွဲ့အစည်းများသည် အုပ်ချုပ်ရေးမှူး၏ဦးဆောင်မှုအောက်တွင်ရှိပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာရေး၊ သာသနာရေး၊ ယဉ်ကျေးမှုတို့တွင် ပါဝင်လှုပ်ရှားတက်ကြွမှုများ ရှိပါသည်။

(ခ) သီးနှံနှင့်သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာသည် စိုက်ပျိုးရေး အဓိကထားသော ကျေးရွာဖြစ်ပြီး မြေထောက်ပံ(၁၈၈.၅၇)ဧက၊ မြေပဲ(၄၀)ဧက၊ နေကြာ(၃၀)ဧက၊ ပဲရင်း(၁၀၈)ဧကတို့ စိုက်ပျိုးကြပါသည်။ နေကြာနှင့်ဆီစား နေကြာတို့မှာ သီးထပ်နှင့်သီးညှပ်စိုက်ကြပါသည်။မြေထောက်ပံမှာ(၁)ဧက ပျမ်းမျှထွက် တင်း(၁၀) တင်းမှ (၂၀)တင်း ထွက်ရှိပြီး နေကြာမှာ(၃၀)တင်းမှ(၅၀)တင်းအထိ ထွက်ရှိပြီးလျှင် ပဲရင်းမှာ(၁၅)တင်း မှ(၂၅)တင်းအထိ ထွက်ရှိကြပါသည်။

စိုက်ပျိုးရေးပညာအားဖြင့်လည်း စိုက်ပျိုးရေးကုမ္ပဏီအဖွဲ့အသီးသီးမှ လာ ရောက်၍ အသိပညာ ပေးဟောပြောပွဲများပြုလုပ်၍ ဝန်ဆောင်မှုများလည်း ရရှိပါသည်။ စက်ပစ္စည်းများထွန်းကားနေပြီဖြစ်၍ လယ်ယာသုံးကရိယာများနှင့် အသုံးပြုရပြီး အဆင်ပြေသူရှိသလို အဆင်မပြေသူများအနေနှင့် နေ့စား လုပ်ငန်း လုပ်ကိုင်နေရသည့်အတွက် အခက်အခဲများ ရှိပါသည်။ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းမှာ အကြီးအကျယ်မသေရှိသော်လည်း တပိုင်တိုင်အနေဖြင့် ကြက်၊ ဝက်၊နွားများကိုတော့ မွေးမြူကြပါသည်။ ငါးမွေးမြူရေးမှာ မွေးမြူခြင်း မရှိကြပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်း အသေးစားစက်မှုလုပ်ငန်းရှင်များ မရှိပါ။စက်ချုပ်လုပ်မှု လုပ်ငန်းလုပ်သူ(၁)ဦးရှိပါသည်။ လက်သမား(၁)ဦး၊ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူမရှိပါ။ လက်လုပ်လက်စားများမှာ စိုက်ပျိုးရေးကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြ၍ နွေ၊ မိုး၊ ဆောင်း အလုပ်အကိုင်အသင့်အတင့်ရှိပါသည်။ အချို့သောရွာသားများမှာ အပိုငွေရရန်အတွက် အခြားမြို့များသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်ရှိသော ရွာသူရွာသားများသည် လျှပ်စစ်မီး မရရှိသေးသောကြောင့် ထင်းမီးများဖြင့် ချက်ပြုတ်စားသောက်ကြပါသည်။ တောတောင်များ မရှိသည့်အတွက် ဧရာဝတီမြစ်ရေတိုးလာသောအခါ ရေထဲမှ မျောပါလာသော ထင်းများကို ဆယ်ယူဖြတ်တောက်၍သော်၎င်း(၇)မိုင်(၈)မိုင်ခန့်ဝေးသော တောင်ရိုးရှိရာသို့ လှည်းများ၊ ကားများဖြင့် ခုတ်ယူသုံးစွဲကြပါသည်။ တောင်တန်းများနှင့် မဝေးလွန်းသောကြောင့် ရာသီဥတုမှာ သင့်တင့်မျှတမှုရှိပါသည်။ ရေအရင်းအမြစ်များအနေဖြင့် မြေပြန့်ဒေသတွင် နေထိုင်သောကြောင့် မြေအောက်ရေကို တူးဖော်ရရှိကြပါသည်။

တောတောင်များမရှိသော်လည်း မြေပြန့်ဒေသတွင် ပေါက်ရောက်သော သဘာဝတိုင်းရင်းဆေးဝင်အပင်များ အသင့်အတင့်ရှိပါသည်။ မုန်းတိုင်းအန္တရာယ်၊ ငလျင်အန္တရာယ်များကတော့ မခံစားရသလောက်ဖြစ်ပါသည်။ ရေကြီး ရေလျှံ အန္တရာယ်ကတော့ အချိန်အခါမဟုတ်တိုးလာသောအခါ အောက်ပိုင်း မြေနိမ့်ပိုင်း ကိုင်းမြေများ အသင့်အတင့်ပျက်စီးရပါသည်။

(ဂ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို (၁)ဧက (၁.၅)သိန်းနှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဝင်(၁၀၀)ခန့်ရှိပြီး ပုံမှန်လည်ပတ်လျှက်ရှိပါသည်။

ကျေးရွာသူ/သားအများစုသည် ချေးငွေကို ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတို့အတွက် ချေးယူကြပြီး ဆင်းရဲသော အိမ်ထောင်စုအဖြစ် ခံယူထားသော အိမ်ထောင်စု(၈၀)သည် အကြွေးရှိကြပြီး အကြွေးငွေ(၅)သိန်းအောက်ရှိကြောင်း လေ့လာသိရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ယခင်က မူလတန်းကျောင်းသာရှိသော်လည်း ယခု(၂၀၀၃-၂၀၀၄) ပညာသင်နှစ် များမှစပြီး မူလွန်ကျောင်းရရှိပြီး အလယ်တန်းအဆင့်သင်ကြားခွင့်ရကြပါသည်။အထက်တန်းပညာကို ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော ထီးချိုင့်မြို့(အ.ထ.က)ကျောင်းမှာ ဆက်တက်ကြရပါသည်။ကျောင်း သူ/သားများသည် စက်ဘီး၊ စက်လှေများနှင့် ရာသီဥတုပေါ်မူတည်၍ အဆင်ပြေသလို တက်ရောက်၍ ပညာသင်ကြားကြရပါသည်။ ဘွဲ့ရပညာတက်များ အသင့်အတင့်ရှိလာပြီး စာမတက်သူများကတော့ မရှိသလောက်ဖြစ်ပါသည်။ စာမတက်သူများမှာ ပေါ်သွတ်သူများနှင့် အသုံးလုံးသင်ဖူးသူများ ဖြစ်ကြပါသည်။

ကျန်းမာရေးအခြေအနေမှာလည်း ယခင်က ငှက်ဖျားရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါ၊ တီဘီရောဂါ အသင့်အတင့်ရှိခဲ့သော်လည်း မြို့နယ်ကျန်းမာရေးဌာနမှ ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေး ဝေခြင်းများ ကျေးဇူးကြောင့် အသိပညာများရရှိပြီး ယခုအခါတွင် ရောဂါဖြစ်ပွားမှု အလွန်နည်းသွား ပါသည်။ အနီးရှိ အုပ်စုဆေးပေးခန်းရှိ၍လည်း အဆင်ပြေပါသည်။ မြို့နယ်ဆေးရုံနှင့် အလွန်မဝေးသော ကြောင့် အချိန်မီ ကုသနိုင်ပါသည်။ ကျေးရွာတွင် သောက်သုံးရေအတွက် အဝီစီစက်တပ်(၄၄)လုံးနှင့် အဝီစီတုံကင်(၄၉)တွင်းရှိသည့်အတွက် သောက်သုံးရေအတွက် အဆင်ပြေကြပါသည်။ ကျေးရွာတွင် အိမ်သာနှင့်ပတ်သက်လို့ အိမ်တိုင်းနီးပါးရှိသောကြောင့် ရောဂါဖြစ်ပွားမှုနှုန်း နည်းပါးပါသည်။

ကျောင်းကျန်းမာရေးအနေဖြင့် အိမ်သာအပြည့်အစုံရှိပြီး ကျောင်းဝင်းအတွင်းမြေအောက်ရေရရှိ သောကြောင့် အခက်အခဲမရှိပဲ အားလုံးအဆင်ပြေကြပါသည်။ သို့ဖြစ်ပါ၍ ရေနှင့်ပတ်သက်သောရောဂါ၊ အိမ်သာနှင့်ပတ်သက်သောရောဂါများ တစ်ရွာကင်းဝေးကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်ုပ်တို့ကျေးရွာသည် လူငယ်များအတွက် သီးသန့်အပန်းဖြေအနားယူရန်နှင့် အားကစားပြု လုပ်ရန် နေရာမရှိပါ။ ကျေးရွာရှိ လူမှုရေးလုပ်ငန်း၊ ရိုးရာဓလေ့ပွဲတော်များတွင် တက်တက်ကြွကြွ ညီညွတ်စွာ ပါဝင်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် လူနေအိမ်များ၊ အဆောက်အဦးများသည် သစ်ဝါးများဖြင့် ဆောက်လုပ်နေထိုင်ကြပါသည်။ လူနေမှု အသင့်အတင့်ကောင်းမွန်ပါသည်။ ရွာတွင်လမ်းများမှာ နွေပိုင်း၊ ဆောင်းပိုင်းများမှာ သင့်တင့်စွာကောင်းသော်လည်း မိုးတွင်း၌ ရေများ၊ ဗွက်များဖြစ်သောကြောင့် သွားရေးလာရေးအခက်အခဲရှိပါသည်။ လျှပ်စစ်မီးမရရှိသေးပါ။

ယခင်ကပေးထေားသော ဆိုလာမီးများဖြင့် အဆင်ပြေကြသော်လည်း ယခုအခါနှစ်များကြာလာသည့်အတွက် သင့်တင့်မျှတရုံသာ သုံးစွဲကြရပါသည်။

ကျေးရွာတွင်းရှိ သတင်းအချက်အလက်များအနေဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြပြီး တာဝါတိုင်များရှိခြင်းကြောင့် ဆက်သွယ်မှုကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ကျေးရွာသူ/သားများ အေးချမ်းစွာနေထိုင်စားသောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အုပ်စုအုပ်ချုပ်ရေးမှူးရှိပြီး မြို့နယ်ရဲစခန်းနှင့် (၂)မိုင်ခန့်သာ ဝေးသောကြောင့် လုံခြုံမှုမှာ လက်လှမ်းမီစွာ ရှိပါသည်။ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ဟောပြောပွဲများ ပြုလုပ်ပေးသောကြောင့် ကျေးရွာသူ/သားများ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်ကြပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးများကို မရရှိသေးသော်လည်း ယခင်ရရှိထားသော ဆိုလာမီးများကို အသုံးပြု၍ ကျောင်းသား/သူများအတွက် စာဖတ်ချိန်အတွက် အထောက်အပံ့ဖြစ်စေခြင်းဖြင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုနေပါသည်။

လူငယ်ပညာတက်ရှိပြီ လူဦးရေအားလုံး၏(၆၉%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ကျေးရွာတွင် ဘွဲ့ရပညာတက်အရေအတွက်မှာ(၉)ဦးရှိပါသည်။ ကျေးရွာဆေးဝါးကုသမှုအတွက်လည်း ထီးချိုင့်မြို့နယ်ဆေးရုံနှင့် ကသာခရိုင်မြို့နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုခံယူကြသည်။ လက်ရှိပညာရေး အနေအထားအတွက်လည်း သင့်တင့်သော အဆင့်တွင် ရှိနေကြပါသည်။

သဘာဝအရင်းအမြစ်များအနေဖြင့် ကိုင်းမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီမြေဩဇာအတော်အသင့်ကောင်းမွန်ကြပါသည်။ မြို့နယ်ဆက်သွယ်သောလမ်းသည် ကောင်းမွန်သောလမ်းဟု မဆိုနိုင်သော်လည်း သင့်တင့်မျှတမှုရှိပါသဖြင့် တောင်သူများ၏လယ်ယာကိုင်းကျွန်းထွက်ကုန်များကို မဝေးလှသဖြင့် အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းနည်းပြီး တည်ငြိမ်အေးချမ်းပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိ မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော်လည်း အခြားသယံဇာတများ မထွက်ရှိပါ။ မြေယာမျိုးတိုးချဲ့ရန် မရှိသဖြင့် အထွက်နှုန်းမကျအောင် အားစိုက်ရပေမည်။ တောင်သူများသည် လယ်ရေပြင်ချိန်၌ မိုးများစွာရွာသွန်းလာပါက လယ်ရေကိုပြန်လည်စတင်ပြုပြင်ရသည့်အတွက် သတ်မှတ်ကုန်ကျစရိတ်ထက် ပိုမိုကုန်ကျကြပါသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးချေးငွေများရရှိကြသော်လည်း အုပ်စုအလိုက် ကျေးရွာအလိုက် ငွေကြေးမှ ပြန်လည်ထုတ်ချေးပေးသောစနစ်ဖြစ်၍ ကြိုတင်ဆပ်ထားသောတောင်သူများအဖို့ အခက်အခဲကြုံတွေ့ရပါသည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိပါသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေအတွက် အကုန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာအထိအတွေ့တို့ အားနည်းကြပါသည်။

၆။ ပန်းတိုင်နှင့် ဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်း၍လာမည့်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) ကျေးရွာတွင်းရှိသော တံတားများအား နွေ၊ မိုး၊ ဆောင်းသွားလာရေး လွယ်ကူစေရန် ပြုပြင်မွမ်မံခြင်းနှင့် အဆင့်မြင့်တင်ခြင်းများ ဆောင်ရွက်ရန်

(၂) ကျေးရွာအတွင်းရှိ လမ်းများအား နွေ၊ မိုး၊ ဆောင်း သွားလာရေးလွယ်ကူစေရန်ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြင့်တင်ခြင်းများ ဆောင်ရွက်ရန်

(၃) ကျွန်ုပ်တို့ရွာအား စာတက်မြောက်မှုနှုန်း ပိုမိုအားကောင်း၍ ကလေးသူငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်လာစေရန်

(၄) ကျွန်ုပ်တို့ရွာ၏ လူမှုရေးလုပ်ငန်းများ အဆင့်မြင့်တင်ရန်

(ခ) အကောင်အထည်ဖော်မည့်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိစေရန် အောက်ပါအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားပါမည် -

(၁) ကျွန်ုပ်တို့ကျေးရွာသည် တံတားများ၊ လမ်းများကို လက်ရှိအနေထားထက်ပိုမိုကောင်းမွန်

စေရန် ရွာလူထုလုပ်အားနှင့်သော်လည်းကောင်း၊ လွတ်တော်ထောက်ပံ့ငွေများနှင့်သော်လည်း လည်းကောင်း အလှူရှင်များ ရှာဖွေ၍သော်လည်းကောင်း နှစ်စဉ်နှစ်တိုင်း ပြုပြင်ဆောင်ရွက်သွားမည်။

(၂) ကျေးရွာရှိ လိုအပ်လျက်ရှိသော ကျောင်းဆောင်နှင့် ကျောင်းအခန်းကန့်များကို ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ တည်ဆောက်သွားမည်။

(၃) ကျွန်ုပ်တို့ရွာ၏ လူမှုရေးလုပ်ငန်းများကို ဌာနများနှင့်သော်လည်းကောင်း၊ လူမှုရေးအဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ ကျေးရွာလူထုလုပ်အား ငွေအားဖြင့် ဆောင်ရွက်မည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စု – ရေဝအုပ်စု		ကျေးရွာအမည် – သောင်ကြီးကျေးရွာ		
စဉ်	**ကဏ္ဍ**	**စီမံချက် ဆိုလိုရင်း**	**စီမံချက်နှင့်လုပ်ငန်းစဉ်များ**	**မှတ်ချက်**
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာအဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု စာရင်းကိုင်စသည် ဆောင်ရွက်ခြင်း	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩဇာထုတ်လုပ်ခြင်း သင်တန်းများဖွင့်လှစ်ပေးခြင်း	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းပညာသင်တန်း ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း	
၅	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်းဖိုးမြင့်ထုတ်ကုန်ဈေးကွက်သို့ တက်လှမ်းခြင်း	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်ရန် စီးပွားရေးအမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ်မွေးကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်း သင်တန်းများနှင့် ဝန်ဆောင်မှုများရရှိရန် ချိတ်ဆက်ခြင်း	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	တိရိစ္ဆာန်မွေးမြူရေး	မွေးမြူရေး ထုတ်ကုန်ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း	
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ	ထုတ်ကုန်လုပ်ငန်းများ၊ SMIE	အသေးစား၊ အလတ်စား၊ စီးပွာရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း	

ကျေးရွာအုပ်စု – ရေဝအုပ်စု		ကျေးရွာအမည် – သောင်ကြီးကျေးရွာ		
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
	ဆိုင်ရာ			
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMIE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများ စီစဉ်ခြင်း(ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMIE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက်ရှာဖွေခြင်း	
၁၂	ငွေကြေး	အသေးစား	အသေးစားအလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေများ ရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ရာသီအလိုက် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်နိုင်ခြင်း	
၁၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်းကာကွယ်ဆေးထိုးခြင်း	ကျောင်းတွင်း၊ ကျောင်းပြင်ပ ကျန်းမာရေးအထောက်အကူပြု သင်တန်းများ ပစ္စည်းများ စီမံဆောင်ရွက်ခြင်း	
၁၅	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	(၁၂၀x၃၀x၁၂) ကျောင်းဆောင် အခန်းကန့်ခြင်း	
၁၆	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	ဝန်ထမ်းဆောင်များ ဆောက်လုပ်ပေးခြင်း	
၁၇	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	ကလေးများအတွက် KGကျောင်းဆောင် ဆောက်လုပ်ခြင်း	

ကျေးရွာအုပ်စု – ရေဝအုပ်စု		ကျေးရွာအမည် – သောင်ကြီးကျေးရွာ		
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၈	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဝန်းခြံစည်းရိုး အုပ်တတိုင်းခတ်ခြင်း	
၁၉	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	သင်ထောက်ကူပစ္စည်များနှင့် ကျောင်းသုံးပရိဘောဂပစ္စည်း	
၂၀	ပညာရေး	ကျောင်းအဆောက်အဦပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းသား/သူများနှင့် ဝန်ထမ်းများ သောက်သုံးရေကျန်းမာရေးနှင့်ညီညွတ်သော ရေသန့်ရရှိရန်	
၂၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာဦးကျေးရွာချင်းဆက်လမ်း၊ ကျေးလက်လမ်းစာရင်း မပေါက်သေးသော လမ်း(၅၀၀'x၁၄'x၂')အား ဂျင်းမြေခင်းခြင်း	
၂၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်းဘီးနှင်းကွန်ကရစ်လမ်းများ တည်ဆောက်ခြင်း	
၂၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်း ရာသီမရွေး သွားလာနိုင်သော မြေသား/ဂျင်းလမ်းများဆောင်ရွက်ခြင်း	
၂၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာချင်းဆက်လမ်းစာရိုး မပါသော ကျေးလက်လမ်းအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ပေးခြင်း	
၂၅	လျှပ်စစ်	မဟာဓါတ်အားလိုင်း	ကျေးရွာတွင်း မဟာဓါတ်အားလိုင်း တည်ဆောက်ခြင်း	
၂၆	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများဖြည့်တင်းခြင်း	
၂၇	လူငယ်နှင့်အားကစား	လူငယ်အခွင့်အလမ်း	ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	
၂၈	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေး	

ကျေးရွာအုပ်စု – ရေဝအုပ်စု		ကျေးရွာအမည် – သောင်ကြီးကျေးရွာ		
စဉ်	**ကဏ္ဍ**	**စီမံချက် ဆိုလိုရင်း**	**စီမံချက်နှင့်လုပ်ငန်းစဉ်များ**	**မှတ်ချက်**
			ခြင်း	
၂၉	သံယံဇာတနှင့်ပတ်ဝန်းကျင်	သဘာဝဘေးလျော့ချရေး	သဘာဝဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း	
၃၀	လူငယ်နှင့်အားကစား	လူငယ်နှင့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ စီစဉ်ခြင်း	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) သောင်ကြီးကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၃	၈
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၂	၁၆	၂၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၅	၂၂	၄၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၉	၁၉	၂၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၅၅	၁၆၀	၃၁၅
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၉	၃၀
စုစုပေါင်း		၂၁၇	၂၃၉	၄၅၆
စုစုပေါင်း အိမ်ထောင်စု		၁၀၀		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လာတွေ့ရှိချက်။ ။သောင်ကြီးကျေးရွာသည် အိမ်ခြေပေါင်း(၁၀၀)အိမ်ထောင်စု(၁၀၀)ရှိပြီး ကျား(၂၁၇) မ(၂၃၉) စုစုပေါင်းဦးရေ (၄၅၆)ရှိပါသည်။ ကျေးရွာတွင် အသက်(၆၅)နှစ်အထက် သက်ကြီးရွယ်အို ဦးပေါင်း(၃၀)ဦးရှိပြီးသော်လည်း မိသားစုစောင့်ရှောက်မှုဖြင့် နေထိုင်ကြပါသည်။ကျေးရွာတွင် မွေးရာပါ ပေါ့သွပ် သူအမျိုးသား(၁)ဦးနှင့် အမျိုးသမီး(၂)ဦးရှိသော်လည်း မိသားစု၏ စောင့်ရှောက်မှုအောက်တွင် နေထိုင်လျက်ရှိပါ သည်။ကျေးရွာတွင် အသက်(၁၅)နှစ်မှ(၆၅)နှစ်အတွင်း အလုပ်လုပ်နိုင်သူ(၃၁၅)ဦးရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၈	၈၅		မြင့် □လတ် ✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၅၁	၁၂၇	၄၁	မြင့် □လတ် ✓နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၃၂	မြင့်□လတ်□နိမ့်✓
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့်□လတ်□နိမ့်✓
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၁	မြင့်□လတ်□နိမ့်✓
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၃	မြင့်□လတ်□နိမ့်✓

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့် □လတ် □ နိမ့်✓
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့်□လတ်□နိမ့်✓
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၉	မြင့်□လတ် □နိမ့်✓

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့် □လတ်□ နိမ့်✓
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့်□လတ်□နိမ့်✓
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၁၁	မြင့်□လတ်□နိမ့်✓
	စုစုပေါင်း	၁၀၀	၂၁၄	၉၉	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်

အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။သောင်ကြီးကျေးရွာသည် စိုက်ပျိုးရေးကိုအဓိထား၍ အသက်မွေးဝမ်းကျောင်းပြုသောကျေးရွာ ဖြစ်ပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၁၀၀)အနက်(၄၈)ဦးသည် ကိုယ်ပိုင် စိုက်ပျိုးရေးကို အဓိထား၍ လုပ်ကိုင်ကြပြီး ကျန်(၅၁)အိမ်သည် အငှားစိုက်ပျိုးရေးအလုပ်ကို အဓိထားလုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း ကုန်စုံဆိုင်(၃)ဆိုင်ရှိသော်လည်း အဓိထား၍ ရောင်းချသူ အိမ်ထောင်စု(၁)စုရှိပါသည်။ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းတွင်(၂၁၄)ဦးရှိပြီး အငှားစိုက်ပျိုးရေးလုပ်ငန်းလုပ်သူ မိသားစုဝင်(၁၂၇)ဦး ရှိပြီး ဈေးရောင်းသူ(၂)ဦး ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၅၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်လုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။သောင်ကြီးကျေးရွာသည် စိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးဝမ်းကျောင်းအဖြစ်

လုပ်ကိုင်ကြပြီး လက်လုပ်လက်စားများသည်လည်း စိုက်ပျိုးရေးအငှားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး လုပ်အားခန္ဓနှုန်းထားမှာ အမျိုးသမီးနှင့် အမျိုးသားများသည် (၁၀၀၀)ဝန်းကျင်၌ ကွာခြားချက် ရှိပါသည်။ အများဆုံးလုပ်အားခန္ဓနှုန်းထားသည် အမျိုးသား(၆၀၀၀) အမျိုးသမီး(၅၀၀၀)ဖြစ်ပြီး အနည်းဆုံးလုပ်အားခန္ဓနှုန်းထားသည့် အမျိုးသား(၅၀၀၀) အမျိုးသမီး(၄၅၀၀)ကျပ် ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ		ကောင်း □သင့်□ ညံ့ ၊ □
ယာမြေ / တောင်ယာမြေ		ကောင်း □ သင့်□ ညံ့□
ဥယျာဉ်ခြံမြေ		ကောင်း □ သင့်□ ညံ့ □
ကိုင်း/ကျွန်းမြေ	၃၆၆.၅၇	ကောင်း □ သင့်✓ ညံ့ □
ခနိတောမြေ		ကောင်း □ သင့်□ ညံ့ □
စားကျက်မြေ		ကောင်း □ သင့်□ ညံ့ □
မြေလွတ် မြေလပ်		ကောင်း □ သင့်□ ညံ့ □
စုစုပေါင်း	၃၆၆.၅၇	☒

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။သောင်ကြီးကျေးရွာတွင် ကိုင်းကျွန်းမြေ(၃၆၆.၅၇)ဧကရှိပါသည်။ဧရာဝတီမြစ်ရေတက်သောကြောင့် နှုန်းမြေအသင့်တင့်ကျ၍ အထွက်နှုန်း မည့်ပါ။ အချို့သောမြေများတွင် သဘာဝမြေဩဇာများထည့်ပြီး ဟင်းသီးဟင်းရွက်နှင့် ကုန်စိမ်းသီးနှံများ အများအပြားစိုက်ပျိုးကြပါသည်။

(ဂ-၂)ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
